# GRAIN & EDIBLE OILS COMPANY (GEOS)
# ပြောင်းအခြောက်ခံစက်နှင့်သိုလှောင်ရုံဖွင့်ပွဲအခမ်းအနား




Grain & Edible Oils Company (GEOS) သည် ရှမ်းပြည်နယ်၊ အေးသာယာမြို့တွင် ပြောင်းအခြောက်ခံစက်နှင့် သိုလှောင်ရုံဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာလ ၂၁ ရက် ၂၀၂၅ တွင် ဂုဏ်ယူစွာဖြင့် ကျင်းပခဲ့သည်။ အဆိုပါ အခမ်းအနားတွင် ဧည့်သည် ၂၇၀ ကျော်တက်ရောက်ခဲ့ပြီး ဂုဏ်သရေရှိ ဧည့်သည်တော်ကြီးများ၊ ဌာနဆိုင်ရာမှ ဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်များ၊ ကုန်သည်ကြီးများ နှင့် မြန်မာ့သြဘာလုပ်ငန်းစုမှ ဝန်ထမ်းများပါဝင် တက်ရောက်ခဲ့ပါသည်။

GEOS စက်ရုံသစ်သည် မြန်မာ့သြဘာလုပ်ငန်းစုမှ ပြောင်းအခြောက်ခံစက်နှင့်သိုလှောင်ရုံအတွက် အမေရိကန် ဒေါ်လာ ၅သန်းကျော် ရင်းနှီးမြှုပ်နှံထားခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံရှိ ပြောင်းထုတ်လုပ်သူများ၊ ပြည်တွင်းစားသုံးမှု နှင့် ပြည်ပပို့ကုန်ဈေးကွက်များအကြား အရေးပါသောလုပ်ငန်းတစ်ခုဖြစ်ပြီး (၁၈)လကြာ အချိန်ယူတည်ဆောက်ခဲ့ သော စက်ရုံဖြစ်ပါသည်။

GEOS စက်ရုံသစ်သည် De Heus, The Dutch Feed-mill Companyနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိဖြစ်ပြီး De Heus အနေဖြင့်လဲ စီမံကိန်းအစမှ တည်ဆောက်မှုအဆင့်အထိ တက်ကြွစွာပါဝင်ခဲ့သည်။




GEOS စက်ရုံတွင် ပြောင်းစိုက်ပျိုးပြီးနောက် အခြားသီးနှံများအတွက် အဆင့်မြင့်နည်းပညာများနှင့်အတူ စွမ်းအင် ထိရောက်မှုမြင့်မားသောနည်းပညာများဖြစ်သည့်

- အလေးချိန်တိုင်းတာစက် (weighbridge) နှင့် ပြောင်းသွန်လောင်းသောနေရာ (၃) ခု
- ပြောင်းစိုသိုလှောင်နိုင်မှု (၈၀၀) တန်
- တစ်နာရီလျှင် ပြောင်း (၃၀) တန် အခြောက်ခံနိုင်သော စွမ်းဆောင်ရည်ရှိခြင်း (ဇီဝလောင်စာဖြင့်)
- ပြောင်းအခြောက် (၂၀,၀၀၀) တန် သိုလှောင်နိုင်သော Silo (၄) လုံး ပါဝင်ပါသည်။

ယခုအခါ စက်ရုံသည် လုပ်ငန်းစတင်လည်ပတ်နေပြီဖြစ်သောကြောင့် ရှမ်းပြည်နယ်ရှိ ပြောင်းစိုက်သူများအနေဖြင့် စောစောရိတ်သိမ်းနိုင်ခြင်း၊ အရည်အသွေးမြင့်ပြောင်းများရရှိခြင်းနှင့် ပြောင်း ပြီးနောက် ရာသီတိုသီးနှံများ ထပ်မံစိုက်ပျိုးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ပါသည်။

ယခုဖွင့်ပွဲသည် မြန်မာ့သြဘာလုပ်ငန်းစုအတွက် အရေးကြီးသောမှတ်တိုင်တစ်ခုဖြစ်ပြီး မျိုးစေ့နှင့် စိုက်ပျိုးရေးထောက်ပံ့ပစ္စည်းများမှ ပြောင်းအခြောက်ခံခြင်း၊ ပြောင်းသိုလှောင်ခြင်းစသော တန်ဖိုးမြင့်ကွင်းဆက်များဆီသို့ တိုးချဲ့သွားခြင်းဖြင့် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးတိုးတက်ထွန်းကားမှုနှင့် ကျေးလက်ဘဝတိုးတက်မှုအတွက် ရေရှည်ကတိကဝတ်ကို ပြသနေခြင်းလည်း ဖြစ်ပါသည်။

